**၁။ ဝင်လေ ထွက်လေ တစ်ခုလုံးကို သိပုံ (သဗ္ဗကာယပဋိသံဝေဒီ)**

**ဝင်လေ၏ အစ အလယ် အဆုံး တစ်ခုလုံးကို သိလျက် (သဗ္ဗကာယပဋိသံဝေဒီ) ရှူသွင်းအံ့ဟု လေ့ကျင့်၏၊ ထွက်လေ ထွက်လေ၏ အစ အလယ် အဆုံး တစ်ခုလုံးကို သိလျက် ရှူထုတ်အံ့ဟု လေ့ကျင့်၏** ဟူသည် အလုံးစုံသော ဝင်လေ တစ်ခုလုံး၏ အစ အလယ် အဆုံးကို သိအောင် ထင်ရှားအောင် ပြုလျက် ရှူသွင်း အံ့ဟု လေ့ကျင့်၏။ အလုံးစုံသော ထွက်လေ တစ်ခုလုံး၏ အစ အလယ် အဆုံးကို သိအောင် ထင်ရှားအောင် ပြုလျက် ရှူထုတ်အံ့ဟု လေ့ကျင့်၏။ ဤသို့ သိအောင် ထင်ရှားအောင် ပြုလျက် ဉာဏ်နှင့် ယှဉ်သော စိတ်ဖြင့် ရှူ၍လည်း သွင်း၏၊ ရှူ ၍လည်း ထုတ်၏။ ထို့ကြောင့် 'ရှူသွင်းအံ့၊ ရှူထုတ်အံ့ဟု လေ့ကျင့်သည်'ဟု ဆိုရ၏။

ရဟန်းတစ်ပါးသည် ရုပ်အမှုန် အပေါင်းအစုဖြင့် ပြန့်သော ဝင်လေ ထွက်လေ အပေါင်း၌ အစသာ ထင်ရှား ပြီး အလယ်နှင့် အဆုံး မထင်ရှား။ ထိုရဟန်းသည် အစကိုသာ မှတ်နိုင်ပြီး အလယ်နှင့် အဆုံးကို မမှတ်နိုင်။ အခြား တစ်ပါးမှာ အလယ်သာ ထင်ရှားပြီး အစနှင့် အဆုံး မထင်ရှား။ အခြား တစ်ပါးမှု အဆုံးသာ ထင်ရှားပြီး အစနှင့် အလယ် မထင်ရှား။ ထိုရဟန်းသည် အဆုံးကိုသာ မှတ်နိုင်ပြီး အစနှင့်အလယ်ကို (မှတ်ရန်မှာ) ခက် ခဲ၏။ နောက်တစ်ပါးမူကား အားလုံးပင် ထင်ရှား၏။ အားလုံးကို ရှုမှတ်ရန် စွမ်းနိုင်၏။ အစ အလယ် အဆုံး သုံးပါးလုံး၌ မခက်ခဲ။ ဤအရာ၌ နောက်ဆုံး ရဟန်းကဲ့သို့ ဖြစ်သင့်သည်ဟု ပြတော်မူလို၍ အထက်ပါ စကားကို မိန့်တော်မူ၏။

ယောဂီသည် ဝင်လေထွက်လေများ မည်သို့ ဖြစ်မည်ကို ဆင်ခြင်ရင်း အတွင်းသို့ ဝင်သွားသောလေ အပြင်သို့ ထွက် သွားသောလေ နောက်သို့ လိုက်ခြင်းဖြင့် မိမိ၏ သတိကို နှာသီးဖျားမှ မခွာဘဲ သိနေ မှတ်နေရမည် ဖြစ်ကြောင်း ဆိုလို၏ (ဘိက္ခုဉာဏမောဠိ)။ မိမိ၏ သတိကို လေထိရာအရပ် တစ်ခုမှာ အမြဲထားပြီး သိမှတ်နေရမည်။

***

**ဝမ်းဗိုက် ပိန်ဖောင်းကအစ နားမှာ နကျယ်ကောင်အသံလို အဆက်မပြတ် ကြားနေရတဲ့ အသံ နှလုံးခုံသံ စသည့် ခန္ဓာမှာ ပေါ်သမျှ အရှုခံအဖြစ်ရှုနိုင်ကြောင်းကို မဟာသတိပဋ္ဌာန် ကာယာနုပဿနာမှာ ဘုရားဟောထားသည့် ပါဠိမူရင်း စာပိုဒ်** ... ကို သိလိုခြင်းနှင့် ပတ်သက်၍

မဟာသတိပဋ္ဌာနသုတ်မှာ ကာယာနုပဿနာ ရှုမှတ်ပုံ ၁၄ ပါး ဘုရားဟော။

၁) အာနာပါန (ဝင်လေထွက်လေ) ၂) ဣရိယာပထ (လျောင် ထိုင် ရပ် သွား) ၃) သမ္ပဇာန (သတိသမ္ပဇဉ်ဖြင့် ဆင်ခြင်) ၄) ပဋိကူလမနသိကာရ (စက်ဆုပ်ဖွယ်ဟု နှလုံးသွင်း) ၅) ဓာတုမနသိ-ကာရ (ဓာတ်အားဖြင့် နှလုံးသွင်း ၆) နဝသိဝထိက (သူသေကောင်း ၉ မျိုး)ကို ဆင်ခြင်။

၃) သမ္ပဇာန = ရှေ့တိုး နောက်ဆုတ်၊ တည့်တည့်ကြည့် စောင်းကြည့်၊ ကွေး ဆန့်)၊ သပိတ် သင်္ကန်း၊ စားသောက်၊ ကျင်ကြီး ကျင်ငယ်၊ သွား ရပ် ထိုင် အိပ် နိုး ပြော ဆိတ်ဆိတ်နေ။ ထိုထို အပြုအမူများ၌ ဆင်ခြင်။ အတွင်းရုပ်၊ အပြင်ရုပ်၊ နှစ်ခုပေါင်း၊ ရုပ်တို့၌ ဖြစ်ကြောင်းနှင့် ဖြစ်ခြင်း၊ ရုပ်တို့၌ ပျက်ကြောင်းနှင့် ပျက်ခြင်း၊ ယင်းနှစ်ပါးစုံ၊ ရုပ်အစု သာရှိ၏ဟု သတိမြဲလာ၊ ထိုသတိသည် ဉာဏ်ကို တိုးတက်စေ၊ ရုပ်အပေါင်း၌ တဏှာဒိဋ္ဌိ မဖြစ်၊ ရုပ်၌ မစွဲလမ်း။

ထို့ကြောင့် ပိန်ဖောင်း၊ နကျယ်ကောင် အသံလို့ အသံ၊ နှလုံးခုံသံ စသည်တို့မှာ ပါဠိတော်၌ တိုက်ရိုက် မပါရှိကြောင်း မှတ်သားနိုင်သည်။

---------------------------------

၂။ ဗုဒ္ဓလောင်းလျာသည် ၆ နှစ်တာကာလပါတ်လုံး ဥရုဝေလတောရှိ ဂူထဲတွင် ဒုက္ကရစရိယာ ကျင့်တော်မူ ခဲ့ပါ သော်လည်း ဘုရားဖြစ်သည့်အချိန်က ဗောဓိပင်အောက်တွင် ဖြစ်ပါသည်။ အဘယ်ကြောင့်ပါနည်း။ ဂူထဲတွင် ဘုရား မဖြစ်ခြင်းနှင့် ဗောဓိပင်အောက်ကျမှ ဘုရားဖြစ်ရခြင်းတို့သည် ထူးခြားသော အခြားအကြောင်းများကြောင့်လား၊

မည်သည့် အကြောင်းကြောင့်ပါနည်း။ ဥပနိဿယ ပစ္စည်းတွင်ပါရှိသည့် သေနာသန နေရာဒေသကြောင့် ဖြစ်ပါသလား၊ ထိုသို့ဖြစ်လျှင် ထိုနေရာကိုကို ဗုဒ္ဓလောင်းလျာက တမင်ရွေးချယ်ခြင်း ဖြစ်ပါသလား၊ ဆိတ်ကျောင်း သားက ခေါ်ဆောင်သွားခြင်းကြောင့် ဗောဓိပင်အောက် ရောက်လာခြင်း ဖြစ်ပါသလား။ ရှေးဘုရားတို့၏ ဗျာဒိတ်တော်ကြောင့်လား။ အဘယ်အကြောင်းကြောင့် ဗောဓိပင်အောက်တွင်ဘုရားဖြစ်ရပါနည်း။

**အဖြေ။** ဆိတ်ကျောင်း သားက ခေါ်ဆောင်သွားခြင်းကြောင့် ဗောဓိပင် အောက်ကို ရောက်လာကြောင်း ကျမ်းဂန်အဆိုမရှိ။ ဗောဓိပင်သည် ဗုဒ္ဓလောင်းလျာ ဖွားတော်မူသည် နေ့မှာ ပေါက်ရောက်ကြောင်း အချို့ အဋ္ဌကထာကျမ်းတို့၌ ဖော်ပြသော်လည်း အချို့ အဋ္ဌကထာကျမ်းတို့ ထိုဖော်ပြချက်မျိုး မရှိကြောင်း တွေ့ရသည်။ ဂူထဲတွင် ဘုရားမဖြစ်ရ၊ ဗောဓိပင်အောက်တွင်သာ ဘုရားဖြစ်ရမည်ဟူသော သတ်မှတ်ချက်မျိုးလည်း မတွေ့ဖူးပါ။

***

**မေးခွန်း (၃)။ ဖြဟ္မာနဲ့ ဗြာဟ္မာ စာလုံး ၂ လုံးရဲ့ အသုံးကွာခြားပုံ**

ဖြဟ္မာဟု ရေးချမပါဘဲ စာလုံးပေါင်းလျှင် ဖြူစင်သန့်ခြင်း၊ မြင့်မြတ်ခြင်း အနက်နှင့် ဖြဟ္မာ သတ္တဝါ ဟု အဓိပ္ပာယ်ရှိသည်။ သမ္မုတိဖြဟ္မာ = ပုဏ္ဏားး၊ ဥပပတ္တိဖြဟ္မာ = ရူပအရူပဖြဟ္မာ၊ ဝိသုဒ္ဓိဖြဟ္မာ = အရိယာပုဂ္ဂိုလ်များ၊ ဥတ္တမဖြဟ္မာ = ဘုရားရှင်ဟု ဖြဟ္မာ ၄ မျိုးရှိသည်။ ဗြာဟ္မာဟု စာလုံးပေါင်းသော ပါဠိ စကားလုံး မရှိ။ ဗြာဟ္မဏဟူသော ပါဠိစကားလုံး ရှိ၏။ အဓိပ္ပာယ်မှာ ဖြဟ္မာ၏ သားဖြစ်သည်ဟု ယူဆပြီး ပုဏ္ဏားတို့က မိမိတို့ကို ဗြာဟ္မဏဟု ခေါ်သည်။ မြတ်စွာဘုရားကမူ မကောင်းမှုကို အပပြုပြီးသူ (မကောင်းမှုကို ပယ်ပြီးသူ) သည်သာ ဗြာဟ္မဏ အစစ်ဖြစ်ကြောင်း ယင်းမှာ အရဟန္တ = ရဟန္တာပုဂ္ဂိုလ် ဖြစ်ကြောင်း ဟောတော်မူသည်။